# Yaw Defense Force-YDF

## ပြည်သူများသို့ရှင်းလင်းတင်ပြချက်

၂၀၂၁ခုနှစ်၊ နိုဝင်ဘာလ၊ ၉ရက်

- ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလတွင် ဂန့်ဂေါခရိုင်အတွင်း ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ဟု ဖွဲ့စည်းထုတ်ပြန်ခဲ့သော ပအဖ သည် ယောဒေသကာကွယ်ရေးတပ်ဖွဲ့ (YDF) နှင့်ညှိနှိုင်းခြင်းများမရှိခဲ့သလို ပူးပေါင်းဆောင်ရွက်ခြင်းများလည်းမရှိခဲ့ပါ။
- ယောဒေသကာကွယ်ရေးတပ်ဖွဲ့ (YDF) သည် မိမိကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့် အရ ပြည်သူ့ခုခံစစ် (People Defensive War) ဆင်နွှဲနေသည့် ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (ldf) ဖြစ်ပြီး အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ကာကွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်နေသည့် တော်လှန်ရေးအဖွဲ့အစည်းတစ်ခုဖြစ်သည်။
- ထို့ကြောင့် ယောဒေသအတွင်းရှိ ဂန့်ဂေါ၊ ထီးလင်း၊ ကျောက်ထု၊ ဆော၊ ကျော၊ မြို့နယ်များတွင် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ (ပအဖ)များ ဖွဲ့စည်းမည်ဆိုပါက ဒေသအတွင်း မြေပြင်အင်အားကောင်းသော တော်လှန်ရေးတပ်ဖွဲ့ဖြစ်သည့် မိမိတို့ ယောဒေသကာကွယ်ရေးတပ်ဖွဲ့ (YDF) နှင့် ဆွေးနွေးညှိနှိုင်းရန် မဖြစ်မနေ လိုအပ်ပေသည်။
- သို့အတွက်ကြောင့် ယောဒေသကာကွယ်ရေးတပ်ဖွဲ့ (YDF) နှင့် ဆွေးနွေးညှိနှိုင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းမရှိဘဲ ဖွဲ့စည်းလိုက်သည့် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ (ပအဖ) များကို YDF မှ အသိအမှတ်ပြုမည်မဟုတ်သလို ၎င်းတို့၏ လုပ်ငန်းစဉ်များကိုလည်း တာဝန်ယူဆောင်ရွက်ပေးမည်မဟုတ်ပါ။
- မိမိတို့ ယောဒေသကာကွယ်ရေးတပ်ဖွဲ့ (YDF) သည် အမျိုးသားညီညွတ်ရေးအစိုးရ NUG နှင့် ညှိနှိုင်းဆောင်ရွက်မှုများပြုလုပ်ပြီး NUG ၏ ညွှန်ကြားချက်များနှင့်အတူ ယောဒေသအုပ်ချုပ်ယန္တရားများကို မကြာမီအချိန်ကာလအတွင်း အချိန်မီဖွဲ့စည်းသွားမည်ဖြစ်ပြီး ယောဒေသအတွင်းရှိ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း အသိပေးလိုက်ပါသည်။

ဆက်သွယ်ရန်
yawdefenseforce@gmail.com
https://t.me/YawDefenseForce

ဦးမြတ်သူ
ယောဒေသကာကွယ်ရေးတပ်ဖွဲ့-ဥက္ကဋ္ဌ
Yaw Defense Force-YDF